ဇွန် (၅)

## ဘုရားသခင်သည် အခြားသူတို့အတွက် ပြုလုပ်ပေးခဲ့ပြီးဖြစ်သော အရာကို သင့်အတွက်လည်း ပြုလုပ်ပေးနိုင်သည်။

**သမ္မာ**ကျမ်းစာတလျှောက် ဘုရားသခင်သည် သူ၏သားသမီးတို့အား ထူးဆန်းအံ့သြဖွယ်ရာ ကောင်းလောက်အောင်ပင် လုပ်နိုင်သော တန်ခိုးတော်ကို အပ်နှင်းလျက် ကာကွယ်စောင့်ရှောက်ခဲ့ရာ သမ္မာကျမ်းစာ၏ ရှေးကာလ၌ဖြစ်ပျက်ခဲ့သည့် တန်ခိုးတော်နှင့် ကွယ်ကာစောင့်ရှောက်မှုမျိုးသည် ယခုအချိန်အခါတွင်လည်း ဖြစ်နိုင်သည်။ "ယေရှုခရစ်သည် မနေ့ ယနေ့ နောင်ကာလ အစဉ်အမြဲမပြောင်းမလဲ နေတော်မူ၏" (ဟေဗြဲ ၁၃း၈) သခင်ယေရှုသည် ထိုထူးဆန်းအံ့သြဖွယ်ရာအမှုတို့ကို သူ၏နေ့ရက်အချိန်ကာလတွင် ပြုနိုင်ခဲ့ပြီး သူ၏ တမန်တော်ကြီးများအားဖြင့်လည်း သူတို့၏နေ့ရက်များတွင် ပြုလုပ်နိုင်ခဲ့လျှင် သူသည်ယနေ့တိုင်ပြုလုပ်နိုင်ဆဲ ဖြစ်ပေလိမ့်မည်။ အမှန်အားဖြင့်လည်း ယေရှုက "ငါအမှန်အကန်ဆိုသည်ကား ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်" (ယော ၁၄း၁၂)

ယေရှုက "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ" (မဿဲ ၂၈း၁၈) ဟုလည်း အမိန့်တော်ရှိခဲ့၍ သင်၌သခင်ယေရှုရှိလျှင် ထိုတန်ခိုးတော်အလုံးစုံကို သင်ရရှိပြီဖြစ်သည်။ ဘုရားသခင်သည် ဤတန်ခိုးတော်အလုံးစုံကို ကတိတော်ရှိခဲ့သည်သာမက သင်ကငင်းကိုလိုအပ်ပြီး ၎င်းကိုတောင်းဆိုပြီး လက်တွေ့လုပ်ဆောင်ရန် ယုံကြည်ခြင်းရှိလျှင် ထိုတန်ခိုးတော်ကို ယခုအချိန်နာရီအတွက်ပင်လျှင် ကတိတော်ရှိသည် သူ၏နာမတော်မြတ်၌ ကောင်းသာအရာမည်မျှလောက် သင်ပြုလုပ်နိုင်မည် ကိုစဉ်းစားပါ။

ဘုရားရှင် ဘာလုပ်နိုင်ကြောင်းက လျှို့ဝှက်ဖုံးကွယ်ထားသော အရာမဟုတ်ပါ။
အခြားသူတို့အတွက် လုပ်ပေးခဲ့သောအရာကို သင့်အတွက်လည်း သူလုပ်ပေးမှာ။
လက်ရုံးတော်ကိုဖွင့်လျက် သင့်အားချီဆောင်ခေါ်သွားမည်ဖြစ်ရာ
ဘုရားရှင် ဘာလုပ်နိုင်ကြောင်းက လျှို့ဝှက်ဖုံးကွယ်ထားသော အရာမဟုတ်ပါ။

* Stuart Hamglin (1908 - 1989)